
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

Kids of Destiny®
Reaching the Next Generation

# ယေရှုစုံစမ်းခံရခြင်း 2.01

## ရှင်လုကာ ၄

စုံစမ်းခြင်းခံဖူးပါသလား? "စုံစမ်းခြင်းခံရတယ်" ဆိုတာ ဘယ်လိုအခြေအနေမျိုးကို ခေါ်တာလဲ? သင်မလုပ်သင့်တဲ့ အရာတစ်ခုကို သင့်အနေနဲ့ အရမ်းအရမ်းလုပ်ချင်တာမျိုး ဖြစ်ဖူးလား? အဒီအရာဟာ "စုံစမ်းခြင်းခံရတာ" ဖြစ်ပါတယ်။ ယေရှုလည်း စုံစမ်းခြင်း ခံခဲ့ရဖူးပါတယ်။

ယေရှုကို ဘုရားသခင်စေခိုင်းတဲ့အမှု စတင်လုပ်ဆောင်တဲ့အချိန်မှာ စုံစမ်းခြင်းခံရတာဖြစ်တယ်။ ဗတ္တိဇံဆရာ ယောဟန်အားဖြင့် ယေရှုဗတ္တိဇံခံခဲ့တယ်။ ဘုရားသခင်နဲ့အမြဲအနီးကပ်အတူရှိဖို့အတွက် သန့်ရှင်းသောဝိညာဉ်တော်ဟာလည်း ကောင်းကင်ကနေ ယေရှုအပေါ်မှာ ဆင်းသက်ခဲ့တယ်။ အဲဒီနောက်ပိုင်းမှာ ယေရှုသက်တော်စဉ်ထဲ စုံစမ်းခြင်းခံဖို့ ဖြစ်လာတယ်။

ကမ္ဘာပေါ်မှာကြုံတွေ့ရတဲ့ပြဿနာအားလုံးကို မာရ်နတ်ကကြိုးကိုင်သူဖြစ်တယ်။ ကောင်းတဲ့အရာအားလုံးကို ဘုရားသခင်လုပ်ပြီး၊ မာရ်နတ်ကတော့ ဆိုးတဲ့အရာအားလုံးကို လုပ်ပါတယ်။ မာရ်နတ်ဟာ ဘုရားသခင်ရဲ့ရန်သူဖြစ်တယ်။ မာရ်နတ်က ယေရှုကို စုံစမ်း သွေးဆောင်ဖို့ ဆုံးဖြတ်တယ်။

ယေရှုဟာ သန့်ရှင်းသောဝိညာဉ်တော် ဦးဆောင်ခြင်းအားဖြင့် တောကန္တာရထဲကို ပို့ဆောင်ခံရပါတယ်။ မာရ်နတ်ဟာ ယေရှုကို ရက်ပေါင်းလေးဆယ် စုံစမ်းသွေးဆောင်ခဲ့တယ်။ ယေရှုဟာ အစာအာဟာရကို မသုံးဆောင်ခဲ့ဘူး။ ယေရှု အလွန်ဆာလောင်ငတ်မွတ်နေ တဲ့အချိန်မှာ မာရ်နတ်က "သင်ဟာ ဘုရားသခင်ရဲ့သားတော်မှန်တယ်ဆိုရင် ဒီကျောက်တုံးကိုစားစရာမုန့်ဖြစ်စေပါ" လို့ ပြောတယ်။

ယေရှုက "လူသည်မုန့်အားဖြင့်သာအသက်မွေးရတာမဟုတ်ဘဲ၊ ငါတို့နှလုံးသားတွေကို ဘုရားသခင်ရဲ့နှုတ်ကပတ်တော်အားဖြင့် အသက်မွေးရတယ်" လို့ မာရ်နတ်ကို ပြန်ပြောခဲ့တယ်။

အဲဒီနောက် မာရ်နတ်ဟာ ယေရှုကို တောင်ထိပ်တစ်ခုပေါ်ခေါ်သွားတယ်။ "သင်ငါ့ကိုကိုးကွယ်ပြီး၊ ငါပြောတဲ့အတိုင်း လုပ်မယ်ဆိုရင် သင့်ရှေ့မှာ မြင်ရတဲ့အရာအားလုံး သင့်ကိုပေးနိုင်တဲ့တန်ခိုးငါ့မှာရှိတယ်။" လို့ သူပြောတယ်။

ယေရှုဟာ မာရ်နတ်ကို စိတ်ဆိုးတယ်။ "ထွက်သွားပါ၊ ဘုရားသခင်တစ်ပါးတည်းကိုသာ ဝတ်ပြုရမယ်လို့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်က ပြောတယ်" လို့ ပြန်ပြောလိုက်တယ်။

မာရ်နတ်ဟာ နောက်တစ်မျိုးထပ်ကြိုးစားတယ်။ သူက ယေရှုကို ယေရုရှလင်မြို့ထဲခေါ်သွားတယ်။ ဗိမာန်တော်ထိပ်ဖျားကို ခေါ်သွား ပြီး "ဘုရားသခင်ရဲ့သားတော်မှန်ရင် အမြင့်ဆုံးနေရာကနေ ခုန်ချလိုက်ပါ။ သင်ဘာမှမဖြစ်ဘူး။ ဘုရားသခင်ကပြောတယ်၊ သင့်ကို စောင့်ရှောက်ကယ်မဖို့ ကောင်းကင်တမန်တွေ မစကြလိမ့်မယ်" လို့ ပြောတယ်။

ယေရှုက "သင့်ရဲ့ဘုရားသခင်ကို အစုံအစမ်းမပြုရ" လို့ ကျမ်းစာမှာရေးထားတယ်လို့ မာရ်နတ်ကိုပြန်ပြော လိုက်တယ်။ (ယေရှုနာမ နောက်တစ်မျိုးက "သခင်")

အဲဒီနောက်မှာတော့ မာရ်နတ်ဟာ ယေရှုဆီကထွက်သွားတယ်။ အဲဒီနေ့မှာ ယေရှုကိုထပ်မံမစုံစမ်းဖို့ သူဆုံးဖြတ်တယ်။ ယေရှုကို ထပ်မံ စုံစမ်းဖို့ နောက်နေ့တွေမှာတော့ ဖြစ်နိုင်ပါလိမ့်မယ်။

ယေရှုနဲ့သာမန်လူသားတွေကြားမှာ ကြီးမားတဲ့မတူညီမှုတွေရှိပါတယ်။ ဘုရားသားတော်အဖြစ်ရှိချိန် တလျှောက်လုံး ဘုရားအပေါ် မနာခံတာမျိုးမရှိခဲ့ဘူး။ တခါတလေမှာတော့ ခက်ခဲပါလိမ့်မယ်။ တခါတလေမှာ ယေရှုလည်း သူအရမ်းလုပ်ချင်တဲ့အရာတွေအားဖြင့် စုံစမ်းခြင်းခံရနိုင်ပါတယ်။ ဒါပေမယ့်သူဟာ ဘုရားစကားကိုသိခြင်း၊ နားလည်ခြင်းတွေနဲ့ ဘုရားအပေါ်နာခံခဲ့တယ်။ ငါတို့တွေ စုံစမ်းခြင်းခံရတဲ့အခါ ဘာဖြစ်သွားကြလဲ?

မိဘတွေ၊ အဖိုးအဖွားတွေရဲ့စကားကို မနာခံချင်တဲ့အချိန်တွေကို ပြန်စဉ်းစားကြည့်ရအောင်။ သူတို့က တစ်ခုခုလုပ်ဖို့ ခိုင်းပေမယ့် သင်မလုပ်ခဲ့ဘူး။ ဒါမှမဟုတ် တစ်ခုခုမလုပ်ဖို့တားမြစ်ထားတာကို ဖြစ်အောင်လုပ် တာမျိုး။

ယေရှုကိုကိုးစားဖို့နဲ့ဘုရားနှုတ်ကပတ်တော်ကိုသိဖို့သင်ယူကြတဲ့အခါ ကျွန်ုပ်တို့ မနာခံနိုင်တဲ့အရာကို နာခံနိုင်ဖို့ သူကကူညီပေးတယ်။ ယေရှုကဲ့သို့ဘုရားသခင်ရဲ့နှုတ်ကပတ်တော် အားဖြင့်ကူညီဖို့ ကျွန်ုပ်တို့ ဘုရားကို တောင်းလျှောက်ဖို့သာ ဖြစ်ပါတယ်။

## ယေရှုစုံစမ်းခံရခြင်း - ဆရာလမ်းညွှန် 2.01

### အဓိကအချက်များ

၁) ကျွန်ုပ်တို့ကဲ့သို့ပင် ဘုရားကိုမနာခံဖို့ ယေရှုလည်း စုံစမ်းခြင်းခံရတယ်။ တောကန္တာရထဲမှာ မာရ်နတ်ရဲ့ စုံစမ်းခြင်းခံဖို့ သန့်ရှင်းသော ဝိညာဉ်တော် လမ်းပြပို့ဆောင်ခြင်းခံခဲ့ရတယ်။

၂) လောကမှာဖြစ်သမျှသော ပြဿနာအားလုံးကို မာရ်နတ်ကဦးဆောင်ပါတယ်။ တောကန္တာရထဲမှာ ရက်ပေါင်းလေးဆယ်လုံး အစာမသုံးဆောင်ဘဲ စုံစမ်းခြင်းခံရတဲ့အချိန်မှာလည်း သူရှိနေခဲ့တယ်။ ပထမဆုံး မုန့် (အစာ) နဲ့စုံစမ်းတယ်။ ကျောက်တုံးကနေ မုန့်အဖြစ် ပြောင်းဖို့ ယေရှုကိုသူပြောတယ်။ ငါတို့နှလုံးသားထဲမှာ ဘုရားရဲ့နှုတ်ကပတ်တော်နဲ့စားသုံးဖို့သာလိုကြောင်း မာရ်နတ်ကို ယေရှုက ပြန်ပြောခဲ့တယ်။

၃) သူ့ကိုကိုးကွယ်ရင် လောကမှာရှိတဲ့အရာအားလုံးကို ပေးမယ်လို့ မာရ်နတ်ကယေရှုကိုပြောတယ်။ "ဘုရားသခင်ကိုသာ ဝတ်ပြု ရမယ်" လို့ မာရ်နတ်ကိုယေရှုက ပြန်ပြောလိုက်တယ်။

၄) မာရ်နတ်ကယေရှုကို ယေရုရှလင်မြို့ရဲ့ဗိမာန်တော်ထိပ်ပေါ် ခေါ်သွားတယ်။ အဲဒီနေရာကနေ ခုန်ချဖို့ ပြောတယ်။ ကောင်းကင်တမန်တွေအားဖြင့် သင့်ကိုကွယ်ကာပေးမယ်လို့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်က ပြောတယ်လို့ မာရ်နတ်ကယေရှုကို ပြောတယ်။ သူ့ဆီကနေထွက်သွားဖို့ မာရ်နတ်ကိုယေရှုကပြောတယ်။ "သင့်ရဲ့ ဘုရားသခင်ကို အစုံအစမ်းမပြုရ" လို့ ယေရှုကပြန်ပြော ခဲ့တယ်။ (ယေရှုရဲ့အခြားနာမတော်က သခင်ဖြစ်ပါတယ်)

၅) မနာခံခြင်းနဲ့ပတ်သက်ပြီး ကျွန်ုပ်တို့စုံစမ်းခြင်းခံရတဲ့အခါမှာ ကူညီမစဖို့အတွက် ယေရှုကိုကိုးစားတတ်ဖို့ သင်ယူရပါတယ်။

### မေးခွန်းများ

၁) မြေကြီးပေါ်က ပြဿနာအားလုံးကို ဘယ်သူကဦးဆောင်နေတာလဲ?

၂) ယေရှုဟာ တောကန္တာရထဲမှာ ရက်ပေါင်းဘယ်လောက် ရှိနေခဲ့လဲ?

၃) ယေရှုဆာလောင်နေတဲ့အချိန်မှာ မာရ်နတ်က ဘာပြောသလဲ? ယေရှုက ဘယ်လိုပြန်ဖြေသလဲ?

၄) ယေရှုသာသူ့ကိုဝတ်ပြုမယ်ဆိုရင် သူဘာလုပ်ပေးမယ်လို့ မာရ်နတ်ကပြောသလဲ? ယေရှုက ဘယ်လို ပြန်ဖြေခဲ့သလဲ?

၅) မာရ်နတ်ကယေရှုကို ဗိမာန်တော်အပေါ်ကနေ ခုန်ချစေချင်တဲ့အခါ ယေရှုကဘာပြန်ပြောခဲ့သလဲ?

၆) မနာခံခြင်းနဲ့ပတ်သက်ပြီးစုံစမ်းခြင်းခံရတဲ့အခါမှာ ကျွန်ုပ်တို့ဘာလုပ်နိုင်သလဲ?

### အဖြေများ

၁) မာရ်နတ်ဟာ မြေကြီးပေါ်က ပြဿနာအားလုံးကို ဦးဆောင်သူဖြစ်ပါတယ်။

၂) ယေရှုဟာ တောကန္တာရထဲမှာ ရက်ပေါင်းလေးဆယ် ရှိနေခဲ့ပါတယ်။

၃) ကျောက်တုံးကိုမုန့်အဖြစ်ပြောင်းဖို့ မာရ်နတ်က ယေရှုကိုပြောပါတယ်။ ဘုရားသခင်ရဲ့နှုတ်တော်ထွက် စကားအားဖြင့်သာအသက်မွေးဖို့ ယေရှုကပြန်ဖြေခဲ့ပါတယ်။

၄) သူ့ကိုဝတ်ပြုရင် လောကတစ်ခုလုံးပေးမယ်လို့ မာရ်နတ်ကယေရှုကို ပြောခဲ့ပါတယ်။ ဘုရားသခင် တစ်ပါးတည်းကိုသာဝတ်ပြုရမယ်လို့ ယေရှုကပြန်ပြောခဲ့ပါတယ်။

၅) ဗိမာန်တော်ထိပ်ဖျားကနေ ခုန်ချဖို့မာရ်နတ်က ယေရှုကိုပြောတဲ့အခါ "သင့်ရဲ့ဘုရားသခင်ကို အစုံအစမ်း မပြုရ" လို့ ယေရှုက ပြန်ပြောခဲ့ပါတယ်။

၆) မနာခံခြင်းနဲ့ပတ်သက်ပြီးစုံစမ်းခြင်းခံရတဲ့အခါ ကျွန်ုပ်တို့ကိုကူညီဖို့ ယေရှုထံအကူအညီတောင်းခံ နိုင်ပါတယ်။

### ရှင်လုကာ ၄

ယေရှုခရစ်တော်ကဲ့သို့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ပြောထုတ်တဲ့အခါမှာ စုံစမ်းခြင်းကို ကျွန်ုပ်တို့ အောင်မြင်နိုင်ပါတယ်။

Kids of Destiny®
Reaching the Next Generation



www.kidsofdestiny.org